Center for Diversity and National Harmony

Daily News Letter

No.(12), Shwe Li Street,
Kamayut Township,
Yangon11041, Myanmar

အတွဲ (၁)၊ အမှတ် (၂၆၀) နေ့စွဲ။ ၂၄.၁၀.၂၀၁၅ (စနေနေ့)

| စဉ် | နေ့စွဲ | သတင်းဌာန | အကြောင်းအရာ | အကျဉ်းချုပ် |
|---|---|---|---|---|
| ၁ | ၂၂.၁၀.၁၅ | 7 Day Daily No (895) p (6) | ဒေါ်အောင်ဆန်းစုကြည် | **ဒေါ်အောင်ဆန်းစုကြည် ကော့မှူးမြို့တွင် နစ်ရက်ကြာ မဲဆွယ်မည်** ဒေါ်အောင်ဆန်းစုကြည်သည် ၄င်းဝင်ရောက်ယှဉ်ပြိုင်မည့် ကော့မှူးမဲဆန္ဒနယ်တွင် အောက်တိုဘာ ၂၄ ရက် မှစတင်ကာ နစ်ရက်ကြာ မဲဆွယ်စည်းရုံးမှု ပြုလုပ်မည်ဖြစ်ကြောင်းသိရသည်။ ရွေးကောက်ပွဲ စည်းရုံးရေးအတွက် တရားဝင်ခွင့်ပြုထားသောကာလ အတွင်း နောက်ဆုံးသွားရောက်ခဲ့သည့် ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်၊ ကျိုင်းတုံခရီးစဉ်များအပြီးတွင် ၄င်း၏ မဲဆန္ဒနယ်သို့ သွားရောက်ခြင်းဖြစ်သည်။ ကော့မှူးမြို့သို့ အောက်တိုဘာ ၂၄ ရက် နံနက်တွင် သွားရောက်မည်ဖြစ်ပြီး ယင်းမြို့တွင် ညအိပ်ရပ်နားပြီး အောက်တိုဘာ ၂၅ ရက် တွင် ကော့မှူးမြို့နယ် အတွင်း ဟောပြောမည်ဖြစ်သည်။ ရွေးကောက်ပွဲကျင်းပရန် ရက်သတ္တပတ်အလို နိုဝင်ဘာ ၁ ရက်တွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်အတွင်းရှိ ကျိုက်ဝိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်၏ မဲဆွယ်စည်းရုံး ဟောပြောပွဲတစ်ခု ပြုလုပ်မည်သည်။ <br> မင်းဟိန်းကျော် |
| ၂ | ၂၄.၁၀.၁၅ | ပြည်မြန်မာ အတွဲ (၃) အမှတ် (၃၃) p (2) | ဒေါ်အောင်ဆန်းစုကြည် | **ဒေါ်အောင်ဆန်းစုကြည်ကို ပုတ်ခတ်ရေးသားသည့် ဗီနိုင်းနှင့် ပတ်သက်ပြီး မန်းမဘသ ငြင်းချက်ထုတ်** NLD ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို ပုဂ္ဂိုလ်ရေးပုတ်ခတ်ရေးသားထားသည့် ဗီနိုင်းအောက်မှ ဘုန်းကြီးစီးဖိနပ်မှာ မိမိတို့နှင့် သက်ဆိုင်ခြင်းမရှိကြောင်း အမျိုးဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့ (အထက်မြန်မာပြည်) မှ မန္တလေးတိုင်းဒေသကြီး ဦးဆောင်ဆရာတော် ဘဒ္ဒန္တက္ကန္ဒာစက္ကာဘိဝံသက ငြင်းဆိုလိုက်သည်။ ထို့ပြင် နိုင်ငံရေးပါတီအနေဖြင့် ပါတီအလုပ်လုပ်ခြင်းကို မကန့်ကွက်ဘဲ ကြိုဆိုပြီး ယခုကဲ့သို့ တစ်ဖက်သားကို ပုတ်ခတ်သည့်အလုပ်မျိုးကို အခြားသူများပြုလုပ်လျှင် ကန့်ကွက်မည်ဖြစ်ကြောင်း ဆရာတော်က မိန့်ကြားသည်။ အမျိုးဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့ (အထပ်မြန်မာပြည်) မန္တလေးတိုင်း ဒေသကြီးသည် ပါတီနိုင်ငံရေးနှင့် မရောယှက်၊ အမျိုးသားရေး သက်သက်သာ ဓမ္မဝိနယနှင့်အညီ ဆောင်ရွက်နေသော အဖွဲ့တစ်ဖွဲ့ဖြစ် |

| | | | | |
|---|---|---|---|---|
| | | | | ကြောင်း၊ ယင်းလုပ်ရပ်သည် အမျိုးဘာသာ၊ သာသနာစောင့်ရှောက်အဖွဲ့ (အထက်မြန်မာပြည်) မန္တလေးတိုင်းဒေသကြီး နှင့် သက်ဆိုင်ခြင်းမရှိသည့်အပြင် နောင်တွင်လည်း အမျိုးသားရေးမှ သွေဖည်သော မည်သည့် လုပ်ဆောင်ချက်၊ မည်သည့် ပြောဆိုမှုကိုမှ လုပ်ကိုင်ပြောဆိုမည်မဟုတ်ကြောင်း စက်တင်ဘာ ၂၂ ရက်တွင်လည်း ထုတ်ပြန် ထားသည်။<br>ထက်အောင်ဖြိုး |
| ၃ | ၂၂.၁၀.၁၅ | 7 Day Daily No (895) p (5) | Election | **ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခဲ့သူများသည် ကိုယ်ကျိုးစွန့်သူများဖြစ်ဟု ဦးခင်အောင်မြင့်ဆို**<br>၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲခဲ့သူများသည် ကိုယ်ကျိုးစွန့်ခဲ့သူများဖြစ်ပြီး မိမိတို့လက်ထဲတွင် ကိုင်စွဲထားသည့် အာဏာကိုစွန့်လွှတ်ရန် ရေးဆွဲခဲ့ကြခြင်းဖြစ်သည်ဟု ပြည်ခိုင်ဖြိုးဗဟိုအတိုင်ပင်ခံ လက်ရှိအမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်ကပြောသည်။ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြည်ခိုင်ဖြိုးအသင်းက ဦးဆောင်ရေးဆွဲခဲ့ခြင်းဖြစ်သည့်အတွက် မြန်မာနိုင်ငံရေးစနစ်ပြောင်းလဲမှုကို ပြည်ခိုင်ဖြိုးပါတီက စတင်လုပ်ဆောင်နေပြီဟု ၎င်းကဆိုသည်။ နိုင်ငံ့ဂုဏ်သိက္ခာအတွက် လာမည့်ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတရန်လိုအပ်ကြောင်း ဦးခင်အောင်မြင့်က ပြောကြားပြီး ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရေးကာလမတိုင်မီ မဲဆန္ဒရှင် ပညာပေးအကြောင်းပြကာ ဟောပြောစည်းရုံးမှုများသည် တရားမဝင်ကြောင်းပြောသည်။ လွှတ်တော်တွင်း တစ်ပါတီ အာဏာရှင်စနစ်မဖြစ်ပွားစေရေး ထိန်းကျောင်းနိုင်ရေးအတွက် တပ်မတော်သား ၂၅ ရာခိုင်နှုန်း ထည့်သွင်းထားခြင်းဖြစ်သည်။<br>မောင်တော |
| ၄ | ၂၂.၁၀.၁၅ | 7 Day Daily No (895) p (8) | Election | **ပြည်ခိုင်ဖြိုးလူထုဟောပြောပွဲသို့ သွားမည်ဆိုပါက ပါတီအမှတ်တံဆိပ်ပါ အဝတ်အစားများ အသုံးမပြုရန် ဒီချုပ်ညွှန်ကြား**<br>ကျောက်ပန်းတောင်းမြို့တွင် ပြည်ခိုင်ဖြိုးပါတီ၏ လူထုဟောပြောပွဲသို့ ဒေါ်အောင်ဆန်းစုကြည်ပုံပါ အင်္ကျီနှင့် ပါတီအမှတ်တံဆိပ်ပါ အဝတ်အစားများ ဝတ်ဆင်မသွားရန် ပါတီများအား မြို့နယ်ဒီချုပ်ပါတီက ညွှန်ကြားထားသည်ဟု သိရသည်။ ကျောက်ပန်းတောင်းမြို့နယ် ရွှေနဒီပရဟိတကွင်းတွင် ပြည်ခိုင်ဖြိုး ပါတီက အောက်တိုဘာ ၂၄ ရက်တွင် ဟောပြောမည်ဖြစ်သည်။ ကျောက်ပန်းတောင်းမြို့တွင် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် အမှတ် (၁) နှင့် အမှတ် (၂) မဲဆန္ဒနယ်တို့တွင် ဒီချုပ်ပါတီနှင့် ပြည်ခိုင်ဖြိုးပါတီတို့က ကိုယ်စားလှယ်လောင်း လေးဦးစီယှဉ်ပြိုင်မည်ဖြစ်သည်။ သမ္မတရုံးဝန်ကြီး ဦးလှထွန်းက ပြည်ခိုင်ဖြိုးပါတီ ကိုယ်စားပြုကာ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။ |

| | | | | |
|---|---|---|---|---|
| | | | | အမျိုးသားတိုးတက်ရေးပါတီကလည်း ကျောက်ပန်းတောင်းမြို့နယ်တွင် ယှဉ်ပြိုင်မည်ဖြစ်သည်။<br>အောင်သစ်လွင် |
| ၅ | ၂၂.၁၀.၁၅ | 7 Day Daily No (895) p (9) | Election | **ရွေးကောက်ပွဲရလဒ် မျှော်လင့်သလိုမဖြစ်ပါက ကန်- မြန်မာဆက်ဆံရေးခက်ခဲမည်ဟု ကန်အောက်လွှတ်တော်ကြားနာ**<br>ရွေးကောက်ပွဲရလဒ်သည် မြန်မာပြည်သူလူထုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက မျှော်လင့်ထားသလိုမဖြစ်လျှင် အမေရိကန်-မြန်မာ ဆက်ဆံရေးတွင် အပြုသဘောလမ်းကြောင်းဖြင့် ဆက်လက်ဆက်ဆံရန်ပိုခက်ခဲစေမည်ဟု အရှေ့အာရှနှင့် ပစိဖိတ်ရေးရာဌာန၊ အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန် ကြီး ဒန်နီရယ်အာရ်ရပ်ဆဲလ်က ဝါရှင်တန်တွင် ပြုလုပ်ခဲ့သည့်ကွန်ဂရက် လွှတ်တော်ကြားနာပွဲတွင် ပြောသည်။ အောက်တိုဘာ ၂၁ ရက်က ကွန်ဂရက်ကြားနာပွဲတွင် **"မြန်မာ၏ စိန်ခေါ်မှု ဒီမိုကရေစီ၊ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေးနှင့် ရိုဟင်ဂျာ အကျဉ်းအကျပ်"** အမည်ဖြင့်စာတမ်းကို ကြားနာစဉ် မစ္စတာရပ်ဆဲလ်က ယင်းသို့ ပြောခြင်းဖြစ်သည်။ မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုတွင် အတိုင်းအတာတစ်ခုအထိ တံခါးပွင့်လာခဲ့ပြီးဖြစ်သော်လည်း အုပ်ချုပ်ရေး၊ နိုင်ငံရေး၊ လူမှုရေး၊ လုံခြုံရေးစိန်ခေါ်ချက်များ အောင်မြင်ရန် မြန်မာအနေဖြင့် အချိန်ယူကာ ကြိုးစားရန်လိုကြောင်း ကန်အောက်လွှတ်တော်တွင် ဗုဒ္ဓဟူးနေ့က ပြုလုပ်ခဲ့သော ကြားနာပွဲတွင် အကြံပြုခဲ့သည်။ NCA လက်မှတ်ရေးထိုးပွဲကို အမေရိကန်ပြည်ထောင်စုအနေဖြင့် ကြိုဆိုပြီး ကျန်လက်မှတ်မရေးထိုးသည့် အဖွဲ့များ ပါဝင်လာနိုင်ရေး ကြိုးပမ်းရန်လည်းတိုက်တွန်းသည်။<br>ငြိမ်းငြိမ်းပြည့် |
| ၆ | ၂၄.၁၀.၁၅ | Daily Eleven Pg (7) | Election | **ပုံစံ (၃- က) မဲပေးခွင့်လျှောက်ထားသူ ၁၀ သိန်းကျော်ရှိ ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ထုတ်ပြန်**<br>၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ပုံစံ (၃- က) ဖြင့် မဲပေးခွင့်လျှောက်ထားသူ ၁၀ သန်းကျော်ရှိကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အောက်တိုဘာ ၂၃ ရက်နေ့က သတင်းထုတ်ပြန်ခဲ့သည်။ သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများသို့ ပုံစံ (၃- က) ဖြင့် လျှောက်ထားသူ စုစုပေါင်း ၁၀, ၃၁၅, ၅၉ ဦးရှိပြီး ပုံစံ (၃- က) ဖြင့် အများဆုံးလျှောက်ထားသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ရန်ကုန်တိုင်းဒေသကြီးတွင် ၆၀၄၉၆၂ ဦး၊ မန္တလေးတိုင်းဒေသကြီးတွင် ၁၂၀၁၀၅ ဦး၊ ကချင်ပြည်နယ်တွင် ၇၁၉၇၀၊ ရှမ်းပြည်နယ်တွင် ၅၈၈၈၄ ဦး၊ ပြည်ထောင်စုနယ်မြေတွင် ၄၅၇၈၄ ဦး ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ |

| | | | | |
|---|---|---|---|---|
| ၇ | ၂၄.၁၀.၁၅ | Daily Eleven Pg ( ) | Election | **ရွေးကောက်ပွဲနေ့တွင် မဲပေးခွင့်ရှိသူတိုင်း မဲသွားပေးကြရန် ဗြိတိသျှသံအမတ်ကြီး တိုက်တွန်း**<br>နိုဝင်ဘာ ၈ ရက်နေ့တွင် ကျင်းပမည့်ရွေးကောက်ပွဲနေ့၌ မဲပေးခွင့်ရှိသူတိုင်း မဲသွားပေးကြရန် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို လှည့်လည်ကြည့်ရှုရန် ရှမ်းပြည်နယ်သို့ရောက်ရှိနေသည့် ဗြိတိသျှသံအမတ်ကြီး အင်ဒရူးပက်ထရစ်က အောက်တိုဘာ ၂၂ ရက်နေ့က တိုက်တွန်းပြောကြားခဲ့သည်။ လာမည့်ရွေးကောက်ပွဲသည် လုံးဝပြည့်စုံသည့် ရွေးကောက်ပွဲဖြစ်လိမ့်မည်ဟု မထင်သော်လည်း ကောင်းမွန်သည့် ရွေးကောက်ပွဲဖြစ်မည်ဟု ထင်မြင်ကြောင်း၊ မဲဆန္ဒရှင်များအနေဖြင့် မည်သို့ပင် လွတ်လပ်တရားမျှတမှုမရှိစေကာမူ မဲပေးသင့်ကြောင်းနှင့် မဲမပေးမိပါက မိမိတို့နိုင်ငံ၏ အနာဂတ်ကို ပါဝင်ဆန္ဒပြုခွင့်ဆုံးရှုံးသွားမည်ဖြစ်ကြောင်း သံအမတ်ကြီးက ပြောသည်။ |
| ၈ | ၂၄.၁၀.၁၅ | Daily Eleven Pg (15) | Election | **မဲပေးပိုင်ခွင့်ရှိသူအားလုံး၊ မဲပေးခွင့်မဆုံးရှုံးစေရန် ဆောင်ရွက်ထားကြောင်းနှင့် ရွေးကောက်ပွဲရလဒ် အချိန်နှင့်တစ်ပြေးညီထုတ်ပြန်နိုင်ရန် စီစဉ်ထားကြောင်း ဦးတင်အေးပြော**<br>မဲစာရင်းမည်မျှမှားမှား မဲပေးပိုင်ခွင့်ရှိသူအားလုံး၊ မဲစာရင်းပါသူအားလုံး မဲပေးခွင့်မဆုံးရှုံးစေရန် ဆောင်ရွက်ထားကြောင်းနှင့် ရွေးကောက်ပွဲရလဒ်အား အချိန်နှင့်တစ်ပြေးညီထုတ်ပြန်နိုင်ရန် စီစဉ်ထားကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက အောက်တိုဘာ ၂၃ ရက်နေ့က ပြည်တွင်းပြည်ပ လေ့လာစောင့်ကြည့်ရေးအဖွဲ့များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။ မြန်မာပြည်၏ ရွေးကောက်ပွဲစနစ်သည် မပေးမနေရ စနစ်မဟုတ်ကြောင်း၊ ပေးချင်သူပေး၊ မပေးချင်သူမပေး၍ရကြောင်း၊ ၂၀၁၀ နှင့် ၂၀၁၂ မှာ မဲပေးမှုက ၇၄ ရာခိုင်နှုန်းခန့်ရှိသည့်အတွက် မြန်မာနိုင်ငံအတွက် ကောင်းမွန်ကြောင်း၊ ယခုရွေးကောက်ပွဲတွင် မဲပေးသူများမည်ဟု မျှော်လင့်ကြောင်း ဦးတင်အေးက ဆက်လက်ပြောကြားသည်။ |
| ၉ | ၂၄.၁၀.၁၅ | The Messenger Pg (2) | Election | **TNLA ဒေသတွင် ရွေးကောက်ပွဲ ရုပ်သိမ်းနိုင်**<br>တအောင်း အမျိုးသားလွတ်မြောက်ရေး တပ်မတော် (TNLA) လှုပ်ရှားရာဒေသအတွင်း တပ်မတော်နှင့် TNLA တို့၏ တိုက်ပွဲများကြောင့် အဆိုပါဒေသအတွင်း ရွေးကောက်ပွဲရုပ်သိမ်းနိုင်သည့်အနေအထားရှိကြောင်း TNLA အထွေထွေအတွင်းရေးမှူး တာဘုန်းကျော်ကပြောသည်။ အောက်တိုဘာ ၂၀ ရက်နေ့မှ စတင်ကာ ရှမ်းပြည်မြောက်ပိုင်း၊တာမိုးနဲဒေသတွင် KIA/ KIO ၊ TNLA နှင့် တပ်မတော်တို့ တိုက်ပွဲများပြင်းထန်စွာဖြစ်ပွားနေသည်ဟု သိရသည်။ TNLA တပ်စခန်းများအား တပ်မတော်မှ ထိုးစစ်ဆင်လာမှုများမှာစဉ်းစားစရာဖြစ်နေကြောင်းနှင့် ရွေးကောက်ပွဲအား ယုံကြည် |

| | | | | |
|---|---|---|---|---|
| | | | | မှုကင်းမဲ့အောင်လုပ်ချင်သည့်သဘော သက်ရောက်နေကြောင်း ဗိုလ်မှူးကြီး တာဘုန်းကျော်ကပြောသည်။ SNDP ပါတီကလည်း ရှမ်းပြည်နယ်အတွင်း SSPP/ SSA နှင့် တပ်မတော်တို့၏ တိုက်ပွဲများကြောင့် မိုင်းရှူး၊ ကျေးသီးနှင့် တန့်ယန်းမြို့နယ်များတွင် ရွေးကောက်ပွဲကို ခေတ္တယာယီရပ်ဆိုင်းပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြထားသည်ဟု သိရသည်။<br>ဆုမင်းကို |
| ၁၀ | ၂၄.၁၀.၁၅ | The Messenger Pg (3) | Election | **ရွေးကောက်ပွဲမကျင်းပနိုင်သည့် နေရာများကို တင်ပြရန်ညွှန်ကြား**<br>နယ်မြေလုံခြုံရေး အခြေအနေနှင့် အကြောင်းအမျိုးမျိုးကြောင့် ရွေးကောက်ပွဲမကျင်းပနိုင်သည့်နေရာများကို တင်ပြရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့များသို့ ညွှန်ကြားထားသည်ဟု သိရသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်တို့မှ တင်ပြလာသည့်အပေါ် မူတည်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သုံးသပ်ဆုံးဖြတ်ပြီး ယခုရက်ပိုင်းအတွင်း ရွေးကောက်ပွဲမကျင်းပနိုင်သည့် မဲဆန္ဒနယ်နှင့် နေရာများကို ထုတ်ပြန်ကြေညာပေးသွားမည်ဟု သိရသည်။ SNDP မှ တိုက်ပွဲများကြောင့် ရှမ်းပြည်နယ်ရှိ မြို့နယ်သုံးမြို့နယ်တွင် ရွေးကောက်ပွဲ ယာယီရပ်ဆိုင်းပေးပါရန် ကော်မရှင်သို့ အောက်တိုဘာ ၁၉ ရက်နေ့ကတင်ပြခဲ့သည်။ |
| ၁၁ | ၂၂.၁၀.၁၅ | 7 Day Daily No (895) p (6) | ရခိုင် | **ရခိုင်လွတ်မြောက်ရေးပါတီ တစ်နိုင်ငံလုံးအပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးခြင်းအကြောင်း လူထုသို့ ရှင်းပြမည်**<br>ရခိုင်လွတ်မြောက်ရေး ပါတီက တစ်နိုင်ငံလုံး အပစ်ရပ်စာချုပ်နှင့်ပတ်သက်၍ လူထုရှင်းလင်းပွဲတစ်ရပ်ကို ရန်ကုန်မြို့တွင် အောက်တိုဘာ ၂၄ ရက်တွင် ပြုလုပ် မည်ဖြစ်ကြောင်း သိရသည်။ ယင်းရှင်းလင်းပွဲတွင် ပြီးခဲ့သည့်ရက်ပိုင်းက မြန်မာ- ဘင်္ဂလားဒေ့ရှ် နယ်စပ်တွင် ALP နှင့် ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ဖွဲ့တို့ တိုက်ပွဲဖြစ်ပွားခဲ့သည့် အခြေအနေများနှင့်လည်းပတ်သက်၍ ထည့်သွင်းရှင်းလင်းမည်ဖြစ်ကြောင်းဆိုသည်။ ALP သည် ရခိုင်ပြည်နယ် ကျောက်တော်မြို့တွင် ဆက်ဆံရေးရုံးဖွင့်လှစ်ထားသည်။ အောက်တိုဘာ ၁၅ ရက်က NCA လက်မှတ်ရေးထိုးခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၈ ဖွဲ့တွင် ALP လည်းပါဝင်သည်။ NCA ရှင်းလင်းပွဲသို့ ရခိုင်လူမှု အဖွဲ့အစည်းများအားလုံးကို ALP က ဖိတ်ကြားထားကြောင်း သိရသည်။<br>အောင်ခိုင် |
| ၁၂ | ၂၄.၁၀.၁၅ | ပြည်မြန်မာ အတွဲ (၃) | တပ်မတော် | **ဒေါ်လာ ၃၁ ဘီလျံ တန်ဖိုးရှိသော လျှို့ဝှက်ကျောက်စိမ်းလုပ်ငန်း ကို အငြိမ်းစား ဗိုလ်ချုပ်မှူးကြီးနှင့် ပုဂ္ဂိုလ်အချို့က ထိန်းချုပ်ထား ဟု Global Witness ဖွင့်ချ** |

| | | | | |
|---|---|---|---|---|
| | | အမှတ် (၃၃) p (2) 7 Day Daily No (895) p (1,7) | | မြန်မာနိုင်ငံ၏ ကျောက်စိမ်းထုတ်လုပ်မှုမှာ ၂၀၁၄ ခုနှစ် တစ်နှစ်တည်းမှာပင် ဒေါ်လာ ၃၁ ဘီလျံခန့်တန်ကြေးရှိနေပြီး ယင်းကို အငြိမ်းစားဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ယခင်အစိုးရလက်ထက် အမှောင်ဆုံးနေ့များနှင့် ဆက်စပ်နေသည့် ခရိုနီကုမ္ပဏီများနှင့် မူးယစ်ရာဇာများက တိတ်တဆိတ်ထိန်းချုပ်ထားကြောင်း လန်ဒန်အခြေစိုက် Global Witness အဖွဲ့က အောက်တိုဘာ ၂၃ ရက်တွင် သတင်းစာရှင်းလင်းထုတ်ပြန်လိုက်သည်။ Global Witness အဖွဲ့က တစ်နှစ်ကြာ အချိန်ယူ၍ လေ့လာသုတေသန ပြုထားမှုကို ရန်ကုန်မြို့၊ ဗိုလ်တစ်ထောင်မြို့နယ်ရှိ မြန်မာဒိဌရုံးခန်း တွင် မီဒီယာများအား နိုဝင်ဘာ ၈ ရက် ရွေးကောက်ပွဲမတိုင်မီ ဖွင့်ချထုတ်ပြန်လာခြင်းဖြစ်ပြီး ယင်းထုတ်ပြန်ချက်၏ ခေါင်းစဉ်မှာ **"ကျောက်စိမ်း- မြန်မာနိုင်ငံ၏ နိုင်ငံတော်လျှို့ဝှက်ချက်ကြီး"** ဟူ၍ဖြစ်ကြောင်းသိရသည်။ ထုတ်ပြန်ချက်အပြည့်အစုံမှာ မြန်မာနိုင်ငံ၏ ကျောက်စိမ်းထုတ်လုပ်မှုသည် ၂၀၁၄ ခုနှစ် တစ်နှစ်တည်းမှာပင် အမေရိကန်ဒေါ်လာ ၃၁ ဘီလျံထိများပြားကြောင်း တွေ့ရသည်။ အမေရိကန်နိုင်ငံက ပိတ်ဆို့အရေးယူထားသည့် မူးယစ်ရာဇာ ဝေကျောက်ခန်သည် နာမည်ခံကုမ္ပဏီအများအပြားမှတစ်ဆင့် ဤလုပ်ငန်းတွင် လွှမ်းမိုးထားနိုင်သည့် အခန်းကဏ္ဍကိုယူထားကြောင်း၊ ကချင်ပြည်နယ်အတွင်း အရာရှိအချို့ကကလည်း ခြိမ်းခြောက်ငွေတောင်းခံမှုများလုပ်ဆောင်နေကြောင်းအစီရင်ခံစာတွင် ပါရှိသည်။<br>Iris |
| ၁၃ | ၂၄.၁၀.၁၅ | The Voice Daily Vol (11) No (40) p (33) | တပ်မတော် | **နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရစနစ်အတွက်ကြိုပြင်ရန် တပ်ချုပ်ပြော**<br>အတည်ပြုပြဌာန်းထားသော ပြည်သူ့စစ်မှုထမ်း ဥပဒေအရ နိုင်ငံသားတိုင်း စစ်မှုမထမ်းမနေရစနစ်အတွက် ကြိုတင်ပြင်ဆင်ရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အောက်တိုဘာ ၂၀ ရက်နေ့က နေပြည်တော်ရှိ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်တွင် တပ်မတော်အရာရှိများနှင့် တွေ့ဆုံပွဲတွင် ထုတ်ဖော်ပြောကြားသည်။ နိုင်ငံသားတိုင်းစစ်မှုမထမ်းမနေရ အကောင်အထည်ဖော်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ် တပ်မတော်အစိုးရလက်ထက်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ လက်မှတ်ရေးထိုးကာ ပြည်သူ့စစ်မှုထမ်း ဥပဒေ ၂၀၁၀ ကို အတည်ပြုထားပြီးဖြစ်သည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန်တာဝန်ရှိသည်ဟု ဖော်ပြထားသည်။<br>ရန်ကုန် |

| | | | | |
|---|---|---|---|---|
| ၁၄ | ၂၄.၁၀.၁၅ | Daily Eleven Pg (2, 3) | NLD | **ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် ပဲခူးတိုင်းဝန်ကြီးချုပ်တို့ ဝင်ပြိုင်မည့် ဇီးကုန်းမြို့ NLD ပါတီ မဲဆွယ်စည်းရုံးဖျော်ဖြေပွဲမြို့ လုံးကျွတ်ထောက်ခံအားပေး**<br>ဒုတိယသမ္မတ ဦးညာဏ်ထွန်းနှင့် ပဲခူးတိုင်း ဝန်ကြီးချုပ် ဦးညာဏ်ဝင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ပဲခူးတိုင်း သာယာဝတီခရိုင် ဇီးကုန်းမြို့၌ NLD ပါတီ၏ အောက်တိုဘာ ၂၃ ရက်နေ့က ပြုလုပ်သည့် မဲဆွယ်စည်းရုံးရေး ဂီတဖျော်ဖြေပွဲသို့ မြို့လုံးကျွတ်ထောက်ခံအားပေးခဲ့သည်ဟု သိရသည်။ ဇီးကုန်းမြို့၊ ဈေးလမ်းနှင့်ကုန်သည်လမ်းထောင့်၌ ဖျော်ဖြေခဲ့ကြခြင်းဖြစ်ပြီး အနီးနားမြို့နယ်၊ ကျေးရွာများမှ ထောက်လာကြ၊ သုံးဘီးဆိုင်ကယ်များဖြင့် ရွာအလိုက် အိုးစည်ဒိုးပတ်ဝိုင်းများဖြင့် မဲဆွယ်သီချင်းများ ဖွင့်လှစ်ကာခနက်ကာ မြို့အနှံ့လှည့်လည်ဖျော်ဖြေမှုများလည်းပြုလုပ်ပြီး စောင့်ဆိုင်းနေခဲ့ခြင်းဖြစ်သည်ဟု သိရသည်။ ဇီးကုန်းမြို့တွင်ပြုလုပ်သော မဲဆွယ်စည်းရုံးရေးပွဲများအနက် အအောင်မြင်ဆုံးနှင့် လူအင်အားအများဆုံးဖြစ်ကာ မြို့လုံးကျွတ်တက်ရောက်အားပေးခဲ့ကြသည်။ |
| ၁၅ | ၂၄.၁၀.၁၅ | Daily Eleven Pg (3) | ပါတီ | **ဝန်ကြီးချုပ် ရွေးချယ်ခွင့်မရှိသဖြင့် အစိုးရဖွဲ့မည့်ပါတီသည် ဝန်ကြီးချုပ်အား ကရင်ပြည်နယ်အတွက် ကရင်တိုင်းရင်းသားကိုသာ ခန့်အပ်စေလိုကြောင်း ဖလုံ- စဝေါ်ဒီမိုကရက်တစ်ပါတီပြော**<br>ပြည်နယ်လွှတ်တော်တွင် နေရာအများအပြားရရှိရန် မျှော်မှန်းထားသော်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝန်ကြီးချုပ်အား ရွေးချယ်ပိုင်ခွင့်မရှိသဖြင့် အစိုးရဖွဲ့မည့်ပါတီသည် ဝန်ကြီးချုပ်အား ကရင်ပြည်နယ်တွင်းမှ ကရင်တိုင်းရင်းသားကိုသာ ခန့်အပ်စေလိုကြောင်း ဖလုံ- စဝေါ်ဒီမိုကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌ ကရင်ပြည်နယ် လွှတ်တော် လှိုင်းဘွဲ့မဲဆန္ဒနယ် (၁) ကိုယ်စားလှယ်လောင်း ဦးမန်းအောင်ပြည်စိုးက ပြောကြားသည်။ စိတ်ဓာတ်ကျဉ်းမြောင်းသည်ဟု အချို့မှ ယူဆကောင်းယူဆနိုင်သော်လည်း ယင်းအယူအဆကို စောင့်ကြည့်စေချင်ကြောင်း ၎င်းကဆိုသည်။ လက်ရှိဝန်ကြီးချုပ်အား တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်ဖြစ်သောကြောင့် ကရင်တိုင်းရင်းသားများအကြား ဝေဖန်မှုများလည်းရှိခဲ့သည်။ ကရင်တိုင်းရင်းသားပါတီတစ်ခုဖြစ်သည့် ကရင်ဒီမိုကရက်တစ်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးကျော်ဝမ်းကလည်း ကရင်ပြည်နယ်ဝန်ကြီးချုပ်အား ရွေးကောက်ခံ ကရင်တိုင်းရင်းသားလွှတ်တော်ကိုယ်စားလှယ်ကိုသာ ဖြစ်စေချင်ကြောင်းနှင့် သို့မှသာ ပြည်သူလူထုကိုယ်စားပြု၍ အရည်အချင်းရှိရှိ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။<br>ကျော်ဇင်ဝင်း |

| | | | | |
|---|---|---|---|---|
| ၁၆ | ၂၄.၁၀.၁၅ | Daily Eleven Pg (24, 15) | Other | **နောင်ချိုမြို့အဝင် စစ်ဆေးရေးဂိတ်တွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးဆောင်ရွက်စဉ် ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်မှုဖြစ်ပွား**<br>ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မန္တလေး- လားရှိုး ပြည်ထောင်စုကားလမ်းမကြီးပေါ်ရှိ နောင်ချိုမြို့အဝင် ဒေးရှားဝေါလ်တိုးဂိတ်အနီးတွင် အောက်တိုဘာ ၂၂ ရက် ညပိုင်းက လားရှိုးမူးစ်တပ်ဖွဲ့စု (၂၄) မှ Mark- II အဖြူရောင်ယာဉ်အား သက်ဆိုင်ရာမှ ရှာဖွေစစ်ဆေးစဉ် ယာဉ်ပေါ်ပါလာသူက ပစ္စတိုသေနတ်ဖြင့် ခုခံပစ်ခတ်မှုဖြစ်ပွားခဲ့သည်ဟု သိရသည်။ အဆိုပါယာဉ်ပေါ်တွင် ယာဉ်မောင်းသူအပါအဝင် စုစုပေါင်းနှစ်ဦးပါရှိပြီး ယာဉ်မောင်းသူအား မူးယစ်တပ်ဖွဲ့စု (၂၄) မှ တာဝန်ရှိသူများက စစ်ဆေးစဉ် ယာဉ်မောင်းမှာကောင်းမွန်စွာစစ်ဆေးခံသော်လည်း အတူလိုက်ပါလာသူက စစ်ဆေးခံရန်ငြင်းပြီး ရုတ်တရက်ထိုင်ချလိုက်ကာ ပစ္စတိုသေနတ်ဖြင့် လေး၊ ငါးချက်ခန့် ခုခံပစ်ခတ်သဖြင့် မူးယစ်တပ်ဖွဲ့စုမှ တာဝန်ကျသူများက လုံးထွေးထိန်းချုပ်ပြီးနောက် လုံခြုံရေးကင်းတာဝန်ရှိသူက သေနတ်ဖြင့် ပြန်လည်ပစ်ခတ်ခဲ့သည်ဟု သိရသည်။ ယင်းသို့ပြန်လည်ပစ်ခတ်မှုကြောင့်ခုခံသူသည် ယာဉ်ပေါ်သို့ပြန်လည်တက်ရောက်၍ ဒေးရှားဝေါလ် တန်ပိုစစ်ဆေးရေးဂိတ်ရှိ ကုန်တင်ကားများ တန်ပိုချိန်သည့် ကတ္တားချိန်သောလမ်းမှ မောင်းတံအား တိုက်ပြီး ပြင်ဦးလွင်ဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့သည်ဟု သိရသည်။ မည်သည့်အဖွဲ့အစည်းမှဖြစ်သည်ကို မသတ်မှတ်နိုင်သေးဘဲ လက်ရှိတွင် တရားခံဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်နေကြောင်း အမှတ် (၂၄) မူးယစ်တပ်ဖွဲ့စုမှူး၊ ရဲမှူး ရဲနိုင်ကပြောသည်။<br>ထွန်းနေလှိုင် |
| ၁၇ | ၂၄.၁၀.၁၅ | Democracy အတွဲ (၂) အမှတ် (၂၈၇) p (15) | Other | **ပညာရေးဝန်ထမ်းများ ပါတီနိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခြင်း မရှိရေး လက်မှတ်ရေးထိုးရန် အခြေခံပညာမှ ညွှန်ကြား**<br>ပညာရေးဝန်ထမ်းများအနေဖြင့် ပါတီနိုင်ငံရေးကိစ္စတွင် ပါဝင်ဆောင်ရွက်ခြင်း မရှိဟူသော လက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်းသိရသည်။ အခြေခံပညာ ဦးစီးဌာန နေပြည်တော် ၏ ၂၀.၁၀.၂၀၁၅ ရက်စွဲပါ စာအမှတ် ဌန္ဒြ (၁-က)/၈၇၇၉ အရ ယခုအချိန်တွင် ပါတီစုံရွေးကောက်ပွဲကာလ နီးကပ်လာပြီဖြစ်သည့်အတွက် နိုင်ငံရေးပါတီအသီးသီးမှ ရွေးကောက်ပွဲအောင်နိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ - ၁၀ အပိုဒ် (၁) အရ နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေး ကင်းရှင်းရမည်ဟု ပါရှိပြီးဖြစ်၍ ပညာရေးဝန်ထမ်းများအနေဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆောင်ရွက်ခြင်းမရှိစေရန် လက်မှတ်ရေးထိုးပြီး အခြေခံပညာဦးစီးဌာနသို့ ပြန်လည်တင်ပြရမည်ဟု ထုတ်ပြန်ထားသည်။ မဆလခေတ်မှစတင်ပြီး ပြဋ္ဌာန်းခဲ့သော နိုင်ငံဝန်ထမ်း |

| | | | | |
|---|---|---|---|---|
| | | | | ဥပဒေမှ စတင်ကာ ၂၀၁၃ ခုနှစ်တွင် ပြင်ဆင်ခဲ့သော နိုင်ငံဝန်ထမ်း ဥပဒေအထိ ဝန်ထမ်းများ ပါတီနိုင်ငံရေး ကင်းရှင်းခြင်းကို ပြဋ္ဌာန်း ထားခဲ့သည်။<br>ATK |

## ONLINE NEWS

## DAW AUNG SUN SU KYI

### တပ်နှင့် NLD အကြား အထင်မှားစေသည့် ဂါဒဖြန့်မှု မယုံကြည်ရန် ဒေါ်အောင်ဆန်းစုကြည်ပန်ကြား

24.10.2015

ရွေးကောက်ပွဲတွင် NLDအနိုင်ရရှိ၍ အစိုးရဖွဲ့နိုင်လျှင် တပ်မတော်ခေါင်းဆောင်များကို အခက်အခဲကြုံစေမည့် ပြဿနာရှာခြင်းများ လုပ်ဆောင်မည်မဟုတ်ဘဲတပ်မတော်နှင့် NLD အကြား အထင်အမြင်မှားစေမည့်ဂါဒဖြန့် မှုများကိုလည်း မယုံကြည်ကြရန် ပြည်သူများကိုဒေါ်အောင်ဆန်းစုကြည်မှကော့မှူးမြို့နယ်အဖျောက် ကျေးရွာ မဲဆွယ် ဟောပြောပွဲတွင် အထက်ပါအတိုင်းပြောဆိုသည်။၎င်းအနေဖြင့် ဝါဒဖြန့်ချိမှုများတွင် ပြောဆိုနေသကဲ့ သို့ တပ်မတော်သည်မည်သူ့ကိုမှ တိုက်ခိုက်ချင်သည့် ဆန္ဒမရှိ၊အရေးယူဖို့ ပြဿနာရှာ ဖို့ရည်ရွယ် ချက်လည်း မရှိ ဟု ဒေါ်အောင်ဆန်းစုကြည်က ဆိုသည်။မေစစ်ပိုင်

http://burma.irrawaddy.org/news/2015/10/24/97920.html

## PEACE/ARM CONFLICT

### NCA လက်မှတ်မထိုးသေးသော အဖွဲ့များ ပန်ခမ်းတွင် ညီလာခံ ပြုလုပ်မည်

24.10.2015

NCA လက်မှတ်မထိုးသေးသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ အစည်းအဝေးကို 'ဝ' ပြည်သွေးစည်း ညီညွတ်ရေး ပါတီ၊ 'ဝ' ပြည်သွေးစည်းညီညွတ်ရေးတပ်မတော် (UWSP/UWSA)ထိန်းချုပ်နယ်မြေဖြစ်သောပန်ခမ်းမြို့ ၌ကျင်းပ ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။အဆိုပါအစည်းအဝေးတွင် NCA လက်မှတ်မရေးထိုးရသေးသော UWSP/UWSA အပါအဝင် စုစုပေါင်း တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ၁၂ ကိုဖိတ်ကြားထားကြောင်း တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းခေါင်းဆောင်များ ဒုတိယအကြိမ်ပန်ခမ်းဖြစ်မြောက်ရေးကော်မတီ ထံမှသိရ သည်။UWSP/UWSA မှ ဦးကျောက်လျှောက်ဖူ ပြောရာတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ မှ မြန်မာနိုင်ငံလုံး ဆိုင်ရာ ရွေးကောက်ပွဲအပေါ် သဘောထားအမြင်နှင့် တိုင်းရင်း သား အဖွဲ့အစည်းတွေအနေနှင့် ရွေးကောက်ပွဲအပြီး တက်လာမည့်အစိုးရသစ်နှင့်မည်သို့ဆက်ပြီး ညှိနှိုင်းမလဲဆိုသည့် အချက်နစ်ချက်ကို ဆွေးနွေးကြမည်ဟု ဧရာဝတီ သို့ပြော သည်။ ဖိတ်ကြား ထားသည့် အဖွဲ့ ၁၂ ဖွဲ့ တွင် (KIO)၊ အမျိုးသား ဒီမိုကရက်တစ် မဟာမိတ် တပ်ပေါင်းစု (NDAA)၊ (KNPP)၊ ရှမ်းပြည် တိုးတက်ရေးပါတီ (SSPP) ၊ မွန်ပြည်သစ်ပါတီ (NMSP)၊ (MNDAA) ကိုးကန့် တပ်ဖွဲ့၊ ပလောင် (တအာင်း)(TNLA)၊ ရက္ခိုင့်(AA)၊နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ-ကပ်ပလန်(NSCN-K)တို့ပါဝင် သည်။ ထို့အပြင်ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့ (KNDO)၊ကယန်းပြည်သစ်ပါတီ(KNLP)တို့လည်း ပါဝင်သည်။ကျော်ခ

http://mobile.irrawaddy.org/news/2015/10/24/97902.html

## ရခိုင်ပြည်ဖွံ့ဖြိုးဖို့ NCA လက်မှတ်ထိုးဟု ရခိုင်ပြည် လွတ်မြောက်ရေးပါတီ ပြော

ဟိန်းကိုစိုး

24.10.2015

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန် ရခိုင်လူထုနှင့် ALP ရခိုင်ပြည် လွတ်မြောက်ရေးပါတီတို့ ပူးပေါင်းဆောင်ရွက်နိုင်ရန် NCA ကို ရေးထိုးခဲ့ခြင်းဖြစ်သည်ဟုပါတီဗဟိုကော်မတီဝင် ခိုင်ရဲလင်းက အောက်တိုဘာ ၂၄ရက်တွင်ပြောသည်။ ရခိုင်လူဦးရေ လေးသန်းခန့် တွင် သုံးသန်းခန့်မှာ အလုပ်အကိုင် မရှိသဖြင့် နိုင်ငံခြား ထွက်နေကြ သဖြင့်  ပြည်နယ် တိုးတက် ရန် ရခိုင်လူထု၊တိုင်းရင်းသားပေါင်းစုံနှင့်ပူးပေါင်းလုပ်ဖို့ရန်လွတ်လပ်စွာ လုပ်နိုင်ရန်ဆက်ဆွေးနွေးဖို့ရှိနေသေးသည်ဟုရန်ကုန်တွင် ပြုလုပ်သည့် NCA လက်မှတ် ရေးထိုးခြင်းနှင့် ပက်သက်ပြီးရခိုင်လူထုတွေ့ဆုံပွဲမပြုလုပ်မီတွင်ပြောဆိုသည်။ရှင်းလင်းပွဲသို့ ရန်ကုန်အခြေစိုက် ရခိုင်လူထုနှင့် ရခိုင်အဖွဲ့ အစည်းများကို ဦးစားပေး ဖိတ်ကြားကာ၊ တက်ရောက်လာသူများ၏မေးမြန်းမှုများကို  ဖြေဆိုခဲ့သည်။

http://mizzimaburmese.com/article/6461#sthash.5XKDlqj7.dpuf

## အပစ်ရပ်ပြီးနောက်ပိုင်း တပ်အသွင်ပြောင်းမည်မဟုတ်ဟု KNLA ပြော

21.10.2015

ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်အနေဖြင့်  အပစ်အခတ် ရပ်စဲရေးနှင့် ပတ်သက်ပြီး ရပ်တည်ချက်မူ ၆ ချက်ကို ထုတ်ပြန် ထားပြီး အစိုးရမှ တပ်အသွင် ပြောင်းခိုင်း ခဲ့သော် လုံးဝ ပြောင်းမည်   မဟုတ်ဟု KNLA  တွဲဖက် စစ်ရေးချုပ် ဗိုလ်မှူးချုပ် မန်းရှာထူးပေါ်မှ ပြောပါသည်။၎င်းမှ DKBA ကဲ့သို့ မဖြစ်စေရန် ကြိုတင် ကာကွယ်ထားခြင်း ဖြစ်ကာ အသွင်မပြောင်းဘဲ ကရင် အမျိုးသားလွတ်မြောက်ရေးတပ်မတော်အဖြစ် နှင့်သာဆက်လက်ရပ်တည်သွားမည် ဆိုသည်ကို  ပြန်လည်၍ တိတိကျကျ ဖော်ပြတာခြင်း ဖြစ်ကြောင်း ပြော သည်။ KNLA ချမှတ်သည့် မူ ၆ ချက် တွင် ၎င်းတို့၏နယ်မြေတွင်အစိုးရတပ်အင်အားတိုးချဲ့ချထားခြင်း၊လက်နက်ခဲယမ်းများ ဖြည့်ဆည်းမှုမလုပ်ရန်အစိုးရ တပ်မတော်၏ရှေ့တန်းတပ်စခန်းတချို့ ရုပ်သိမ်းပေးရန်အကြောင်း တစုံတရာကြောင့် KNLA  နယ်မြေအတွင်း ဖြတ်သန်းသွားလာလျှင် ကြိုတင်ဆက်သွယ် အကြောင်းကြားရန်၊KNU ထိန်းချုပ်နယ်မြေအတွင်းKNLA တပ်ဖွဲ့ သွားလာလှုပ်ရှားစည်းရုံးမှုကို အစိုးရတပ်မှ တာဆီးကန့်ကွက်မှု မလုပ်ရန်  ထုတ်ပြန်ထားပြီး ချိုးဖောက်ခဲလျှင် ထိပ်တိုက်ဖြစ်စဉ်များပြန်လည်ဖြစ်လာနိုင်သည်ဟု လည်း သတိပေးထားပါသည်။**Karen Share**    နော်နိုရင်း

## ထားဝယ်ခရိုင်၊ ကေအဲန်ယူ တပ်ဖွဲ့ဝင်အချို့ ပိုင်နက်ကျူးလွန်ခြိမ်းခြောက်မှုဖြင့် အမှုဖွင့်ခံရ

22.10.2015

ရွာသားများအသုံးပြုသည့် ချောင်းရေများ နောက်နေသဖြင့် ဒေသခံတွေတောင်းဆိုမှုကြောင့် သွားရောက်စုံစမ်းရာ နာရီဝက်ကြာမှာ ထွက်လာသည့် တာဝန်ခံဆိုသည့် လူတစ်ဦး မှပမာမခန့် ခါးထောက်ကာ လူကြီးတွေ မအားဘူး။

CDNH မှ ပြုစု ဖြန့်ဝေခြင်းဖြစ်ပါသည်။

ဘာမှမသိဘူးပြောကာ လှည့်ထွက်သွားသဖြင့် ဗိုလ်တာအယ်မှ ဒေါသဖြစ်ပြီး သေနတ် နှစ်ချက်ဖောက်ခဲ့သည်ကို ထားဝယ်မြို့နယ်၊ မေတ္တာမြို့နယ်ခွဲ ရှိ အမှတ် (၂) သတ္တုတွင်း ဝန်ကြီးဌာန လက်အောက်ခံ ဟိန္ဒားသတ္တုတွင်း မန်နေဂျာမှ ပိုင်နက်ကျူးလွန်ကာ အင်အားပြခြိမ်းခြောက်မှုဖြင့် မေတ္တာ မြို့နယ်ခွဲ ရဲစခန်းသို့ လာရောက် အမှုဖွင့် တိုင်ကြားထားသည်ဟုKNLA မှပြောသည်။သတ္တုမိုင်းလုပ်ငန်းမှစည်းကမ်းမဲ့ စွန့်ပစ်ရေများကြောင့်မြစ်၊ချောင်းရေ နောက်ကျိလာခြင်း၊ဒေသခံများ၏အသက်မွေးဝမ်းကျောင်း ထိခိုက်လာခြင်း၊ မြစ်ချောင်းများ တိမ်ကောသွားခြင်း များအတွက် လုပ်ငန်းဆောင်ရွက်မှု ရပ်စဲရန် ၂၀၁၂ခုနှစ်၊ နိုဝင်ဘာ လ ၂၂ရက်နေ့၌ KNU၊ ဘိတ်-ထားဝယ် ခရိုင် အနေဖြင့် အမိန့် ထုတ်ပြန်ခဲ့ဖူး သည်။ ထိုင်းနိုင်ငံသားပိုင် MPC (မြန်မာပွန်ပီပက်) သတ္တု တူးဖော်ရေး ကုမ္ပဏီမှ ဟိန္ဒားသတ္တုတွင်း နယ်မြေအတွင်း ခဲမဖြူ သတ္တုတူးဖော် ခြင်းလုပ်ငန်းကို ၁၉၉၉ခုနှစ်၊ ဇူလိုင်လ ၁၇ကျ်နေ့မှစ၍ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ခွင့်ပြုချက်ဖြင့် အမှတ် (၂) သတ္တုတွင်း လုပ်ငန်းက ထုတ်လုပ်မှုအပေါ် ကုမ္ပဏီ ၆၅ရာခိုင်နှုန်း အစိုးရ ၃၅ရာခိုင်နှုန်းဖြင့် ဖက်စပ်လုပ်ကိုင်သည့် ကုမ္ပဏီတစ်ခု ဖြစ်သည်။

http://kicnews.org/2015/10/

## SSPP/SSA ဌာနချုပ်အနီးသို့ ထိုးစစ်ဆင်နေသော တပ်မတော်စစ်ကြောင်းများကိုစွ ညှိနှိုင်းတင်ပြ ခြင်း ကြေညာချက်ထုတ်ပြန်

23.10.2015

အမျိုးသမီးများသာ ကျန်နေသော ဝိန်းကောင်ရှိ တပ်ရင်ဌါနချုပ် ကို တိုက်သည်မှာ ၎င်းတို့မဟုတ်ကြောင်း အကယ်၍ တပ်မတော်အနေဖြင့်စစ်ရေးအနည်းဖြင့်ဖြေရှင်းလိုလျှင်မိမိတို့အားတရားဝင်အကြောင်းကြားစေလိုကြောင်းSSPP/SSA မှအစိုးရသို့ စာပို့ထားပါ သည်။ မြန်မာ့ တပ်မတော်ရှေ့တန်းတွင် ဒု ဗိုလ်ချုပ်ကြီးရာပြည့် ကိုယ်တိုင် ကွပ်ကဲ လျက်ရှိပြီး SSPP/SSA တို့ဘက်မှလည်း KIA , TNLA တပ်အချို့ အင်အားဖြည့်ရောက်ရှိနေကြသည်ဟု သိရသည်။စပ်ခေးတိုင်း၊ အဖွဲ့ခေါင်းဆောင်အမည်ဖြင့် ထုတ်ပြန်ထားသည်။ **Sithu Soe**

http://7daydaily.com/story/49275

## ELECTION

## ဖွဲ့စည်းပုံ ပြင်ပေးမည့် ထောက်ခံကြပါဟု ကြံ့ခိုင်ရေး ကြေညာ

24.10.2015

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အောက်တိုဘာ ၂၂ ရက် ရက်စွဲဖြင့် ထုတ်ပြန်သည့် ရွေးကောက်ပွဲကြေညာ စာတမ်းတွင် ဖွဲ့စည်းပုံ ပြင်မည်ဟု ကြေညာစာတမ်းတွင် ဖော်ပြထား သည်။ ကြေညာစာတမ်းတွင် "ဖွဲ့စည်းပုံ ပြင်ဆင်ရေး ဆောက်ရွက်ပေးမည်" ဟူသည့် အချက်ကို တတိယ အချက်အဖြစ် ဖော်ပြပြီး "ပြည်တွင်း ငြိမ်းချမ်းရေး ဖော်ဆောင်ပေး မည်၊ ဖက်ဒရယ် စနစ်ကို အခြေခံသည့် ပြည်ထောင်စု စနစ်ကို ထူထောင်ပေးမည်၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပြင်ဆင်ရေး ဆောင်ရွက်ပေးမည်၊ ပြည်သူ့ အုပ်ချုပ်ရေးစနစ် ဖော်ဆောင်ပေးမည်၊ ပြည်သူ ဗဟိုပြု ဖွံ့ဖြိုး တိုးတက်ရေး ဆောင်ရွက်ပေး

မည်"ဟုဖော်ပြထားကာမိမိတို့ပါတီအားထောက်ခံလက်တွဲပူးပေါင်းကြပါရန်ပန်ကြားသည်ဟုဖော်ပြသည်။ဖွဲ့စည်းပုံပြင်ဆင်ရေး အသေးစိတ် ဖော်ပြချက်များ အဖြစ် အုပ်ချုပ်ရေး အာဏာနှင့် တရားစီရင်ရေး အာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန် ထိန်းကျောင်းခြင်းတို့ ပိုမို ခိုင်မာအောင် ပြင်ဆင်သွားမည်ဟု ပထမဆုံး အချက်အဖြစ် ဖော်ပြသည်။အာဏာသုံးရပ်ကို တိုင်းနှင့် ပြည်နယ်များတွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအား ခွဲဝေ အပ်နှင်းရာတွင် ပိုမိုထိရောက်အောင် ပြင်ဆင်မည်ဟု ဒုတိယအချက်အဖြစ်ဖော်ပြသည်။တတိယ အချက်တွင်မူဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စု တည်ထောင် နိုင်ရေး ထပ်မံ ဖြည့်စွက် ပြင်ဆင်သွား မည်ဟု ပါရှိ သည်။ ဖွဲ့စည်းပုံ ပြင်ဆင်ရေး နောက်ဆုံး အချက်အဖြစ် ကြံ့ခိုင်ရေးပါတီ၏ ဖော်ပြမှုတွင် "ဒီမိုကရေစီ ရှင်သန် ဖွံ့ဖြိုး ရင့်ကျက်ခိုင်မာသော အဆင့်သို့ ကူးပြောင်းနိုင်ရန် မပါမဖြစ် လိုအပ်သည့် ဥပဒေ အချက်များကို ထပ်မံ ဖြည့်စွက် ပြင်ဆင်သွားမည်" ဟု ပါရှိသည်။

http://mizzimaburmese.com/article/6473#sthash.EM16n7jI.dpuf

## ဂန်ထမ်းမဲစာရင်း၊ မဲနံပါတ်စာရင်းနဲ့ မဲရုံတည်နေရာတွေ တောင်းခံတာ ဘာရည်ရွယ်ချက်လဲ။ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ရည်ရွယ်ချက်ဘာလဲ

24.10.2015

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း(နေပြည်တော်)မှ ဂန်ထမ်းများနှင့် မှီခိုသူ ဂန်ထမ်းမိသားစု များ၏ မဲစာရင်း၊ မဲနံပါတ်စာရင်း၊ မဲရုံ တည်နေရာများအား အောက်တိုဘာလ ၂၆ ရက်နေ့ ပို့ပေးရန် အမိန့်ညွှန်ကြားချက် တစောင် အောက်တိုဘာလ ၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။

The Irrawaddy (Burmese Version) .

## ပြိုင်ဘက် ကိုယ်စားလှယ်လောင်းများ ကို စကားစစ်ထိုးပွဲ လုပ်ရန် ဒေါ်ညိုညိုသင်း စိန်ခေါ်

22.10.2015

ဒေါ်ညိုညိုသင်းမှ ပြည်သူ့လူထု အတွက် ဘာတွေလုပ်ပေး တယ်ဆိုတာ ပြိုင်ပြောကြမယ် ဘာတွေလုပ်ခဲ့တယ်ဆိုတာ လက်တွေ့ကျကျ ဆွေးနွေးပွဲတွေ လုပ်ကြမယ် ပြည်သူလူထု မေးတဲ့ မေးခွန်းတွေ ဖြေမယ် ဒါကြောင့် ပြိုင်ဘက်များ ကို ရိုးရိုးသားသား ဖိတ်ခေါ်ပါရစေ ဟုပြောပါသည်။ ကိုသက်ဖြိုး
ကုမုဒြာ Internet Journal

## " ရွေးကောက်ပွဲ လေ့လာ စောင့်ကြည့်ရေး Kyeet (ကြည့်) Application ကို စတင်မိတ်ဆက် "

23.10.2015

ရွေးကောက်ပွဲကျင်းပသည့် နေ့ရက်၌ ရွေးကောက်ပွဲနှင့် ပတ်သက်သော သတင်း အချက်အလက်များ၊အခက်အခဲများ အပါအဝင် အဆင်မပြေမှုများ ကို အချိန်နှင့် တစ်ပြေးညီ တင်ဆက်ပေးမည့် ရွေးကောက် ပွဲ လေ့လာ စောင့်ကြည့်ရေး Kyeet (ကြည့်) Application ကို စတင် မိတ်ဆက် လိုက်သည်။ Kyeet (ကြည့်) Mobile Application ကို MIDO နှင့် Center For Civic Technology (CCT) တို့ ပူးပေါင်းဖန်တီးခဲ့ခြင်း ဖြစ်ပြီး ရွေးကောက်ပွဲစောင့်ကြည့်ရန်နှင့်နည်းပညာပိုင်း ဆိုင်ရာ အကူအညီပေးအပ်ရန်မဟာမိတ်အဖွဲ့ ဖွဲ့စည်းထားခြင်းဖြစ်သည်။အလားတူ ရွေးကောက်ပွဲနှင့်ပတ်သက်သောအခြေခံ သတင်းအချက်အလက်များကို Google Play တွင်တင်ဆက်ထားသော Vote Detail MM, Vote MM,

မဲစာရင်း, Yway, mVoter 2015, Vote Up, Mae, MaePaySoh, Doh Sanda, Mae Pay Mal, Tara Vote အစရှိသည့် Applicaition များတွင်လည်း ကြည့်ရှုနိုင်သည်။

http://www.internetjournal.media/news/4567

## NLD ကိုယ်စားလှယ်ကို ကြိုဆိုတဲ့ ဝက်လက် အလယ်တန်းကျောင်းက ကျောင်းသား ၄၀ ကျော် ရိုက်နှက်ဆုံးမခံရ

23.10.2015

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ဝက်လက်မြို့နယ်သစ်ဆိမ့်ကြီး ကျေးရွာတွင် NLD ကိုယ်စားလှယ်လောင်း များ မဲဆွယ်စဉ် ကြိုဆိုခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၄၀ဦးကို အလယ်တန်း ကျောင်းအုပ်ဆရာက ရိုက်နှက်ခဲ့သည်ဟုဆိုကာ ကျောင်းသားမိဘများကအောက်တိုဘာ၂၃ရက်တွင် တိုင်းအစိုးရအဖွဲ့နှင့် မြို့နယ် ပညာရေးမှူးရုံး သို့ လက်မှတ်ထိုး၍ တိုင်ကြားထားသည်ဟုကျောင်းသားတစ်ဦး၏မိခင်မမဖွံ့ဖြိုးမကို ပြောသည်။ထိုသို့အရိုက်ခံရသောကျောင်းသား အချို့မှာ ဂက်လက်မြို့နယ် ပြည်သူ့ ဆေးရုံကြီးသို့ သွားရောက် ဆေးကုသမှုခံယူပြီး ဆေးစာများဖြင့် မြို့နယ် ပညာရေးမှူးထံ သွားရောက်၍ ညှိနှိုင်းဖြေရှင်းပေးရန် မိဘများသွားရောက်ပြောဆိုသော်လည်းညှိနှိုင်းမှုပြုလုပ်မပေးသောကြောင့်မိဘများကတိုင်ကြားခြင်းဟုဆိုသည်။ဂက်လက် မြို့နယ်ပညာရေးမှူး မှအဆိုပါကိစ္စနှင့် ပတ်သက်၍ အကြောင်းစုံမသိရှိရသေးဟုဆိုကာ ဖြေဆိုရန်ငြင်းဆိုသည်။အောင်ကိုဦး

http://mizzimaburmese.com/article/6411#sthash.AjczgXzG.dpuf

## မြန်မာ ရွေးကောက်ပွဲ အပေါ် Mitch McConnell မျှော်လင့်ချက် ထားဆဲ

23.10.2015

အမေရိကန် အထက်လွှတ်တော် လူများစုခေါင်းဆောင် Mitch McConnell က မြန်မာနိုင်ငံ ရွေးကောက်ပွဲအပေါ် ၎င်း၏ အမြင်ကို အမေရိကန်ပြည်ထောင်စု အထက်လွှတ်တော် တွင် ပြောကြား သွားခဲ့သည်။ရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတမှုရှိလိမ့်မည် ဆိုသည့် အားတက်ဖွယ် အရိပ်လက္ခဏာများတွေ့ရသော်လည်း အခက်အခဲ ဖြစ်လာနိုင်သည့် အချက်များလည်း ရှိနေပါကြောင်း။ ထွက်လာမည့်ရလဒ်ကို စောင့်ကြည့်နေသည်ဟု ပြောသွားသည်။VOA (မြန်မာပိုင်း)

http://burmese.voanews.com/content/mitch-mcconnell-remark-on-myanmar-election-2015/3019127.html

## မဲပေးရမည့်နေ့တွင် မဲစာရင်း၌ မပါသူများ ပြဿနာ စတင်မည်ကို နေပြည်တော်ရဲ စိုးရိမ်

မဇ္ဈိမ

22.10.2015

ရွေးကောက်ပွဲ မဲပေးမည့်နေ့ တွင် မဲဆန္ဒရှင် စာရင်း၌ အမည် မပါဝင်သူများ  မဲရုံပတ်ဝန်းကျင် များတွင်  မဲပေးခွင့် မရရှိမှုအကြောင်းပြ၍ ပြဿနာ စတင်ဖြစ်ပွားမည်ကိုစိုးရိမ်သည်ဟု နေပြည်တော် တိုင်း ရဲတပ်ဖွဲ့မှ ဒုရဲမှူး ဦးစိုးညွန့်ကပြောသည်။ယင်းအတွက်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်ထားပြီးမဲရုံမှူး၏ ဆုံးဖြတ်ချက်မှာအဓိကကျသည်ဟု ပြောသည်။

http://mizzimaburmese.com/article/6358#sthash.u0AiLDHL.dpuf

## ကြံ့ခိုင်ရေး မအူပင်မြို့ မဲဆွယ်ပွဲ စည်ပင်နှင့် ဆောက်လုပ်ရေး ဌာနဆိုင်ရာကားများ အသုံးပြုဟုဆို

24.10.2015

ဧရာဝတီတိုင်း အူပင်မြို့တွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် အောက်တိုဘာလ၂ဂရက်က လှည့်လှည် စည်းရုံးစဉ် လှည့်လည်ပွဲအတွက်စည်ပင်နှင့် ဆောက်လုပ်ရေးဌာနဆိုင်ရာ ကားများကို အသုံးပြုခဲ့သည်ဆိုကာတိုင်ကြားရန် စီစဉ်နေသည်ဟု မအူပင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်း ဦးစိန်ဂင်းက ပြောသည်။အူပင်တွင်ဝင်ရောက်ရွေးချယ်ခံမည့် တိုင်း လမ်းပန်းဆက်သွယ်ရေးဂန်ကြီး ဦးသန်းထွန်းမှုရင်း တို့ စီမံခြင်းမဟုတ်ဘဲ သင့်တော်ရာကောင်းမွန်ကြောင်းနှင့် ခင်ရာမင်ရာ အနေအထားမျိုးနှင့် ဆောင်ရွက်ခြင်းသာ  ဖြစ်လိမ့်မယ်ဟု  ပြောသည်။စည်သူမောင်မောင်

http://mizzimaburmese.com/article/6455#sthash.kCqUuvTs.dpuf

## ဇာဂနာ(ဦးသူရ) နှင့် ရွေးကောက်ပွဲ နှင့်ပါတ်သက်သည့် Interview ကောက်နှုပ်ချက်

23.10.2015

ဇာဂနာ(ဦးသူရ) မှ ယခု ရွေးကောက်ပွဲသည် နှစ်ကိုယ့်တစ်စိတ်က သကဲ့သို့ တစ်ခြမ်း ယောကျ်ား၊ တစ်ခြမ်း မိန်းမ ဒီဘက်ကဖက်လိုက်ဟိုဘက်ကပြန်ဖက်နှင့်တစ်ယောက်တည်းက လုပ်ပြပြီးလူအများအားရယ်စေကြောင်း ၂၅% သေချာ နေသည့် တပ်မတော် တစ်ဘက်နှင့် အခြား တစ်ဘက်တွင်  အစိမ်းရောင် ကြံ့ဖွံ့ဖြင့် နှစ်ကိုယ့် တစ်စိတ် ပေါင်းကနေ သည်ဟု 7daydaily Interview တွင်ပြောသွားသည် ။

http://www.7daydaily.com/story/49286

## RAKHINE NEWS

### ရခိုင်ပြည်လွတ်မြောက်ရေးပါတီနှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် တိုက်ပွဲဖြစ်

ဧရာဝတီ|October 23, 2015

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP/ ALA)နှင့် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်တပ် (BGB)တို့ အောက်တိုဘာ၁၇ ရက်တွင် နယ်စပ် ရှိ ပလက်ဝမြို့နယ် အတွင်း တိုက်ပွဲဖြစ်ပွား ခဲ့သည်ဟု ALP ကပြော သည်။ အိန္ဒိယ၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ် သုံးနိုင်ငံနယ်စပ် တြိဂံဒေသတွင် ရိုဟင်ဂျာ သွေးစည်း ညီညွတ်ရေးအဖွဲ့ (RSO) ဝင်များ လှုပ်ရှားမှု ရှိကြောင်း သတင်းအရ လှည့်ကင်းဆင်းရာမှ BGB တပ်ဖွဲ့များနှင့် ထိပ်တိုက်တွေ့ပြီး မှားယွင်းတိုက်ပွဲ ဖြစ်ပွားခဲ့ခြင်း ဖြစ်ကြောင်းALPအတွင်းရေးမှူးအဖွဲ့ဝင် ဦးခိုင်အောင်ဖုံးဖြူကပြောသည်။ယခုအချိန်တွင်တိုက်ပွဲဆက်လက်ဖြစ်ပွားမှု မရှိတော့သော်လည်း စောင့်ကြည့်နေဆဲ အခြေအနေရှိနေကြောင်း ALP ထံမှ သိရသည်။ (ALP)သည်ယခုလ ၁၅ ရက်တွင် NCA လက်မှတ်ရေးထိုးခဲ့သည့် လက်နက်ကိုင် အဖွဲ့တခု ဖြစ်သည်။

http://burma.irrawaddy.org/short-news/2015/10/23/97785.html

### ဘင်္ဂလားဒေ့ရှ်တပ်နှင့် မှားယွင်းပစ်ခတ်ခဲ့သည့် ALP မှ ဒဏ်ရာရ ဒုတိယ စစ်တွေဆေးရုံကြီးတွင် ခွဲစိတ်မှုခံယူ

မဇ္ဈိမ/DMG

23.10.2015

ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) နှင့် ဘင်္ဂလားဒေ့ရှ်စစ်တပ်တို့ မြန်မာ-အိန္ဒိယ-ဘင်္ဂလားဒေ့ရှ် နယ်စပ် အနီးတွင် အောက်တိုဘာလ ၁၇ ရက်နေ့က တိုက်ပွားများဖြစ်ပွားခဲ့ပြီး ALP ဖက်မှ တစ်ဦးကျဆုံးပြီး ဒဏ်ရာရသူတစ်ဦးမှာလည်း စစ်တွေဆေးရုံ ၌ ခွဲစိတ် ကုသမှုခံယူနေရ သည်။ အဆိုပါ ပစ်ခတ်မှု သည် ရည်ရွယ်ချက် နှင့် ဖြစ်ပွားခဲ့ခြင်း မဟုတ်ဘဲ နယ်စပ်အနီးRohingya Solidarity Organisation-RSOများရောက်ရှိနေကြောင်း ALP ဖက်မှသတင်းရရှိသဖြင့်တိုက် ကင်းထွက်ရာမှ ဘင်္ဂလားစစ်တပ်နှင့် ထိပ်တိုက်တွေ့ကာအထင်မှားပြီး ပစ်ခတ်မှုများဖြစ်ပွား ခဲ့ရကြောင်း ALPအတွင်း ရေးမှူး ခိုင်အောင်ဖုံးဖြူက ပြောသည်။

http://mizzimaburmese.com/article/6426#sthash.qmLOsV7r.dpuf

## MA BA THA

### ဦးပါမောက္ခ မကွေးကျောင်းတိုက် Facebook

ယနေ့ နံနက်(24-10-20125)09:45 မိနစ်ခန့်၇၁ဈေးထိပ်တွင်ကုလားခင်မောင်ဝင်း(ခ) အာစီမူလာအသက် (28)နှစ် ၇၁ ရပ်ကွက်နေသူမှ နေလင်းအောင်(ဗမာ) ၇၁ ရပ်ကွက် နေထိုင်သူ (အငှားယဉ်မောင်း) အား လည်လှီး သတ်ဖြတ်မှု့ ဖြစ်ပွားခဲ့ရာတွင် မကွေးကျောင်းဆရာတော်နှင့် မျိုးချစ်များ ရောက်ရှိပြီး စုံစမ်းမေးမြန်းခဲ့သည်။ ဦးပါမောက္ခ (မကွေး ပရိယတ္တိ စာသင်တိုက်)

### (၂၁.၁၀.၂၀၁၅, ညနေ -၄:၁၅)တွင် သီတင်းဝါကျွတ် ကန်တော့လာကြသော သံဃာတော်များအား ပါချုပ်ဆရာတော် မိန့်ကြားပေးသော သြဝါဒ

ပါချုပ်ဆရာတော်က ရဟန်းသံဃာများ အား အဓိက သိစေလိုသည်မှာ ရဟန်းသံဃာ သည် လူမှုရေး, နိုင်ငံရေး ထဲ မပါဖို, ရဟန်းက ဘုရားမြတ်စွာ အလိုတော်ကျအတိုင်း ရဟန်း အလုပ် လုပ်ဖို, သာသနာပျက်တာ သည် ရဟန်းများ

ရဟန်း အလုပ် မလုပ်လို့, ရဟန်းတာဝန် မကျေလို့ ဖြစ် စသည်ဖြင့် ရဟန်း အလုပ်သာ လုပ်ဖို့ရန် ဩဝါဒပေးခဲ့သည်
အသံဖမ်းနှင့် အသံမှ စာအဖြစ် စီစဉ်/ Bhante Moon
အသံ file link-http://www.mediafire.com/…/Rector_Sayadaw%27s_Ovada_%2821-1…

## အစွန်းရောက် အမျိုးသားရေး ဝါဒ မြန်မာ ရွေးကောက်ပွဲ ကို ထိခိုက်နိုင်ဟုVijay Nambiar ပြောကြား

23.10.2015

မြန်မာနိုင်ငံတွင် အစွန်းရောက် အမျိုးသားရေးဝါဒ ကြီးထွားလာနေသည်ကို တနိုင်ငံလုံး အတိုင်းအတာဖြင့် တွေ့နေရပြီး ရွေးကောက်ပွဲ အတွက် လုံခြုံစိတ်ချရမှုကို ထိခိုက်စေနိုင်သည်ဟု ကုလသမဂ္ဂအတွင်းရေးမှူး ချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေး Vijay Nambiar အောက်တိုဘာလ ၂၁ ရက်နေ့ နယူးရောက် ကုလသမဂ္ဂရုံးချုပ်မှာ လူမှုရေး၊ လူ့အခွင့် အရေးနှင့်ယဉ်ကျေးမှုဆိုင်ရာ တတိယကော်မတီရှေ့မှောက်မြန်မာနိုင်ငံ၏လူ့အခွင့်ရေး အခြေနေတွေကို တင်ပြချိန်တွင် ပြောကြားခဲ့သည်။ကချင်နှင့် ရှမ်းပြည်နယ်များတွင် လက်ရှိ တိုက်ခိုက်နေမှုများ လုံးဝ ရပ်ဆိုင်းပစ်ရန် လိုအပ် သည် ဟု Vijay Nambiar ကပြောကြားခဲ့ပါသည်။ ထို့ အပြင် မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ဆက်ဆံရေး တိုးမြင့်ရန်ကြိုးစား နေသည်ကို တွေ့ရသော်လည်း နိုင်ငံတွင်းတွင် ကုလသမဂ္ဂ လူ့အခွင့်ရေး ကိုယ်စားလှယ် ရုံးဖွင့်ခွင့် ယခုထိမရသေးဟု ဆိုပါသည် ။ ဒေါ်ခင်မျိုးသက်

http://burmese.voanews.com/content/un-nambiar-on-myanmar-election/3019137.html

## OTHER

## ဘီလျံချီသည့် ကျောက်စိမ်းကုန်သွယ်မှုရငွေများ စစ်ဘက်ပုဂ္ဂိုလ်များနှင့် မူးယစ်ရာဇာများ ထိန်းချုပ်ထားဟုဆို

23.10.2015

မြန်မာနိုင်ငံ၏ကြီးမားလှသည့် ကျောက်စိမ်း ကုန်သွယ်မှုကိုစစ်ဘက်အထက်လွှာများ၊မူးယစ်ရာဇာများနှင့်စစ်အုပ်ချုပ်မှု၏ အဆိုးရွားဆုံး နေ့ရက်များ နှင့် ဆက်နွှယ်သည့် ခရိုနီကုမ္ပဏီများ ကွန်ရက်က လျှို့ဝှက်စွာ ချုပ်ကိုင်နေကြောင်း Global Witness ၏ ၁၂လကြာ စုံစမ်းစစ်ဆေးမှုက အောက်တိုဘာ ၂၃ တွင် ဖော်ထုတ်သောကြောင့် မြန်မာ အစိုးရအဖွဲ့တွင်းမှ ပြုပြင်ပြောင်းလဲရေး အင်အားစုများနှင့်နိုင်ငံတကာ မိတ်ဖက်များ အထူးသဖြင့်အမေရိကန်တို့အတွက်ကျယ်လောင်သော သတိပေးခေါင်းလောင်းသံ ဖြစ်သည်ဆိုသည်။Global Witness ၏ လေ့လာမှုအရ မြန်မာနိုင်ငံ၏ ကျောက်စိမ်းထုတ်လုပ် မှုမှရရှိသောတန်ဘိုးမှာ၂၀၁၄ခုနှစ်တွင် အမေရိကန် ၃၁ဘီလျံအထိရှိကာ နိုင်ငံ့ ဂျီဒီပီ၏ ထက်ဝက်နီးပါးရှိပြီးကျန်းမာရေး အသုံးစရိတ်၏ ၄၆ဆပိုများနေသော်လည်းပြည်သူလူထုမှာအကျိုးကျေးဇူးမခံစားရပေ။

http://mizzimaburmese.com/article/6422#sthash.6awU9qvy.dpuf

## "ဓားမ ဦးချ မြေယာပိုင်ဆိုင်မှု လက်ရှိဖြစ်မှု ဥပဒေ" ပေါ်ပေါက်ရန် တောင်သူလယ်သမား ညီလာခံတွင် ဆွေးနွေး

23.10.2015

လယ်ယာမြေ သိမ်းဆည်းခံရခြင်း၊ ဓါးမဦးချမြေများတွင် သီးနှံစိုက်ပျိုးခွင့် ဆုံးရှုံးခြင်းတို့ကြောင့် အခက်အခဲများ ရင်ဆိုင်နေရသည့်တောင်သူလယ်သမားများ အထောက်အကူဖြစ်စေရန်ရည်ရွယ်ပြီး"ဓားမ ဦးချ မြေယာပိုင်ဆိုင်မှုလက်ရှိဖြစ်မှု ဥပဒေ" တစ်ရပ်ပေါ်ပေါက်ရေး ပြည်ထောင်စုတိုင်းရင်းသားတောင်သူလယ်သမားအကြိုညီလာခံတွင်ဆွေးနွေးလျက်ရှိသည်။ယင်းညီလာခံကို ကမာရွတ်မြို့နယ်ရှိ ယုဒသန်ခန်းမ၌ ယခုလ ၂၂ ရက်မှ ၂၄ ရက် အထိကျင်းပနေပြီးပြည်နယ်နှင့် တိုင်း၁၄ ခုက လယ်သမားအဖွဲ့အစည်းများ၊ဥပဒေရေးရာကျွမ်းကျင်သူများ၊တောင်သူလယ်သမားအရေး တက်ကြွစွာ လှုပ်ရှားနေသည့် လူမှုအဖွဲ့အစည်းများ တက်ရောက်ခဲ့သည်။

http://mizzimaburmese.com/article/6424#sthash.a6gqOJIZ.dpuf

## AEC အတွက် ပြင်ဆင်ထားမှု ၉၀ ရာခိုင်နှုန်းကျော် ပြီးစီးဟု ဆို

24.10.2015

ယခုနှစ်ကုန်လျှင် စတင်မည့် အာဆီယံစီးပွားရေး အသိုက်အဝန်း(AEC) အတွက် မြန်မာနိုင်ငံအနေဖြင့် ပြင်ဆင်ထားမှုသည် ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်သည်။AEC ဖြစ်လာလျှင် ဒေသတွင်းနိုင်ငံများကြားကုန်စည်များ၊ဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ၊ ကျွမ်းကျင်လုပ်သားများ အကောက်ခွန်အတားအဆီးမဲ့ လွတ်လပ်စွာ ဝင်ရောက် လာတော့မည်ဖြစ်ပြီး အကောက် အခွန် မဟုတ် သော အတားအဆီး အနည်းငယ်သာ ကျန်ရှိ တော့မည် ဖြစ် သည်။ မြန်မာ၊ ကမ္ဘောဒီးယား၊ လာအို၊ ဗီယက် နမ် စသော နိုင်ငံများသည် ၂၀၁၅ အကုန် AEC စတင်သည်နှင့် သတ်မှတ် ချက်များအတိုင်း အတားအဆီးမရှိ လျှော့ချရမည် မဟုတ်ဘဲ ၂၀၁၈ ခုနှစ်အထိ အချိန်ယူ၍ တဖြည်းဖြည်းလျှော့ချခွင့်ရရှိထားသည်။AEC ဖြစ်လာပါက ပြည်ပမှထုတ်ကုန်များ၊ဝန်ဆောင်မှုလုပ်ငန်းများ၊ အရင်းအနှီးများ၊ကျွမ်းကျင်လုပ်သားများပါ အချင်းချင်းကြား ဝင်ရောက်မည် ဖြစ်ရာ ပြည်တွင်း လုပ်ငန်းများ၊ ပြည်တွင်း ထုတ်ကုန်များအနေဖြင့် ဈေးကွက် တွင် ယှဉ်ပြိုင်နိုင်ရန် အရေးကြီးသော်လည်းလက်ရှိတွင်ပြည်တွင်းရှိအများဆုံးသောလုပ်ငန်းများဖြစ်သည့် SME များသည် ယှဉ်ပြိုင်နိုင်ရန် ခက်ခဲမည် ဖြစ်ကြောင်း လုပ်ငန်းရှင်များက ပြောသည်။ သစ်နေမိုး

**http://burma.irrawaddy.org/business/2015/10/24/97860.html**